# ရန်ကုန်တိုင်းကိုယ်စားပြု လာဘ်ကောင်ပုံစံ (Mascot Design)ပါ စကားလုံး၊ အထိမ်းအမှတ် သင်္ကေတနှင့် အရောင်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

- ရန်ကုန်မြို့၏ အထင်ကရဖြစ်သည့်အပြင် ကမ္ဘာ့အံ့ဖွယ်တွင်ပါဝင်နေပြီး သမိုင်းအမွေဖြစ်သော အံ့ဖွယ်စုံ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်အား ကြည်ညိုမကုန် ဦးထိပ်ထား ဖော်ပြထားပါသည်။
- လဲကျသည့်အကြိမ်တိုင်းလည်း ပြန်ထနိုင်သည့် အရှုံးမပေး၊ ကြံ့ခိုင်သောစိတ်ဓာတ်အား ဖော်ပြသည့် မြန်မာ့ပစ်တိုင်းထောင်အရုပ်ကလေးများဖြင့် ပုံဖော်ထားပြီး ညာဘက်ခြမ်းတွင် ပစ်တိုင်းထောင်အဖို၊ ဘယ်ဘက်ခြမ်းတွင် ပစ်တိုင်းထောင်အမအား ရေးဆွဲထားပါသည်။
- ရွှေကရဝိတ်ဖောင်တော်ကိုလည်း ကျက်သရေမင်္ဂလာ သင်္ကေတအမှတ်အသားတစ်ခုအနေဖြင့် အသုံး ပြုထားပါသည်။
- ငြိမ်းချမ်းရေးနိမိတ်ကိုဖော်ဆောင်ပြီး ထူးခြားသည့် ဂုဏ်သတ္တိများကို ပိုင်ဆိုင်ထားသော ရိုးရာပန်းဖြစ်သည့် ရွှေပါရောင်ပိတောက်ပန်းခက်လေးအား ပစ်တိုင်းထောင် အဖို၊ အမ အရုပ်ကလေးများ၏ အလယ်တွင် တင့်တယ်စွာ ခြယ်သထားပါသည်။
- ရန်ကုန်တိုင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို အောင်နိမိတ်ဆောင်သည့် အောင်ပန်းသပြေခက်ကလေးများဖြင့် ဂုဏ်ရုံရေးဆွဲ ကြိုဆိုထားပါသည်။